iBFAM

www.iBFAM.org

BE FRUITFUL AND MULTIPLY



# ခရစ်တော်၌တည်ပါ

သင်ခန်းစာအတွဲ ၂ **အခြေခံအုတ်မြစ်**

ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင်၊ ကိုယ်အလို အလျောက်အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည်လည်း ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ (ယော၊ ၁၅:၄)

**သင်ခန်းစာများ** **စာမျက်နှာ**

၂ - ၁ **နှစ်ခြင်းခံပါ** - ၃ -
သခင်ဘုရားကို ယုံကြည်ခြင်း

၂ - ၂ **ကျွန်ုပ်တို့သည် ဤလောက၏အလင်းဖြစ်ကြသည်** - ၄ -
ယေရှုသည် မည်သူဖြစ်ကြောင်းကို ကမ္ဘာလောကကြီးအား ပြောပြပါ

၂ - ၃ **အခြားသောသူများနှင့် သင့်တင့်စွာနေပါ** - ၅ -
သင့်ကိုပြစ်မှားသောသူများကို ခွင့်လွှတ်ပါ

၂ - ၄ **မတရားသောမေထုန်ကို ရှောင်ကြဉ်ပါ** - ၆ -
ကိလေသာစိတ်ဖြင့် သူတစ်ပါးကို မကြည့်မိပါစေနှင့်

၂ - ၅ **အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏အစီအစဉ်ဖြစ်ပါသည်** - ၇ -
ကွာရှင်းခြင်းကို ဘုရားသခင်မနှစ်သက်ပါ

၂ - ၆ **မတရားမှုများကို တုံ့ပြန်ခြင်း** - ၈ -
ချစ်ခြင်းမေတ္တာအားဖြင့် အသက်ရှင်ပါ

၂ - ၇ **ရန်သူများကို ချစ်ပါ** - ၉ -
ဘုရားသခင်သည် လူသားအားလုံးကို ချစ်တော်မူသည်

၂ - ၈ **သူတစ်ပါးကို ပေးကမ်းပါ** - ၁၀ -
ဘုရားသခင်သည် လိုအပ်နေသူများကို ဂရုစိုက်ပါသည်

၂ - ၉ **ဆုတောင်းခြင်း** - ၁၁ -
ဘုရားသခင်ထံ စကားပြောခြင်းနှင့် ဘုရားသခင်၏အသံတော် နားထောင်ခြင်း

၂ - ၁၀ **ကောင်းကင်ဘဏ္ဍာ စုဆောင်းကြစို့** - ၁၂ -
ဘုရားသခင်အား မိမိ၏အသက်တာနှင့်ပိုင်ဆိုင်မှုများအားဖြင့် ဂုဏ်ပြုပါ

၂ - ၁၁ **မစိုးရိမ်းနှင့်** - ၁၃ -
ဘုရားသခင်သည် သင်၏လိုအပ်မှုများကို သိ၍ ဂရုစိုက်တော်မူ၏

၂ - ၁၂ **သူတစ်ပါးကို မစီရင်နှင့်** - ၁၄ -
ဘုရားသခင်သည် တရားသူကြီးဖြစ်တော်မူသည်

၂ - ၁၃ **တောင်းပါ၊ ရှာပါ၊ ခေါက်ပါ** - ၁၅ -
ဘုရားသခင်သည် အားမလျှော့ဘဲ ဆုတောင်းခြင်းကို အဖြေပေးပါသည်

# နှစ်ခြင်းခံပါ

## သခင်ဘုရားကို ယုံကြည်ခြင်း

သင်ခန်းစာ

၂ - ၁

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ရေ၌နှစ်ခြင်းခံယူခြင်းသည် ဘုရားသခင်၏အမိန့်တော်တစ်ရပ်ဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ခရစ်တော်ကို လက်ခံပြီးလျှင် နှစ်ခြင်းခံယူရမည်ဟု မိန့်ကြားထားပါသည်။ နှစ်ခြင်းမင်္ဂလာဟူသည်မှာ ခရစ်တော်၌ယုံကြည်သူလူသစ်သည် ရေထဲ၌ နှစ်ခြင်းကို ခံယူပြီး ပြန်ထလာခြင်းကို ဆိုလိုပါသည်။ နှစ်ခြင်းမင်္ဂလာသည် ကျွန်ုပ်တို့ ခရစ်ယာန်များဖြစ်လာသောအခါ ဖြစ်ပေါ်လာသော ဝိညာဉ်ရေးရာမွေးဖွားမှုပုံစံဖြစ်ပါသည်။ နှစ်ခြင်းမင်္ဂလာအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်တော်လိုက်များဖြစ်ကြောင်းကို အခြားသူများအား ပုံစံနမူနာပြခြင်းဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ်** - သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ **(ရှင်မဿဲခရစ်ဝင် ၂၈:၁၉)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ဖိလိပ္ပုသည် ခရစ်တော်၏နောက်လိုက်ဖြစ်ပြီး ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော သတင်းကောင်းကို ဟောပြောသောသူဖြစ်ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၅ ဖိလိပ္ပုသည်လည်း၊ ရှမာရိမြို့သို့သွား၍ ခရစ်တော်၏အကြောင်းကို ဟောလေ၏။ ၆ လူအစုအဝေးတို့သည်ကြား၍ ဖိလိပ္ပုပြုသော နိမိတ်လက္ခဏာတို့ကို မြင်သောအခါ၊ သူ၏စကားကို တညီတညွတ်တည်း နားထောင်ကြ၏။ ၇ အကြောင်းမူကား၊ နတ်ဆိုးစွဲသော သူများတို့၏အထဲမှ နတ်ဆိုးတို့သည် ပြင်းစွာသောအသံနှင့် အော်ဟစ်လျက် ထွက်သွားကြ၏။ ကိုယ်မလှုပ်နိုင်သောသူ၊ ခြေမစွမ်းသောသူအများတို့သည်လည်း ပကတိအဖြစ်သို့ ရောက်ကြ၏။ ၈ ထိုမြို့သူမြို့သားတို့သည် အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။ ၉ ရှိမုန်အမည်ရှိသော သူတစ်ယောက်သည်၊ ထိုမြို့၌ နတ်ဝိဇ္ဇာအတတ်နှင့် ပြုပြင်၍ ၊ ငါသည် ထူးဆန်းသောသူဖြစ်သည်ဟု ဆိုလျက်၊ ရှမာရိအမျိုးသားတို့ကို မိန်းမောတွေဝေစေခြင်းငှာ ပြု၏။ ၁၀ လူကြီးလူငယ် ရှိသမျှတို့ကလည်း၊ ဤသူသည် ဘုရားသခင်၏မဟာတန်ခိုးတော်ဖြစ်သည်ဟု ဆိုလျက် ထိုသူ၌ ဆည်းကပ်ကြ၏။ ၁၁ ဆည်းကပ်သည်အကြောင်းကား၊ သူတို့ကို မိန်းမောတွေဝေစေခြင်းငှာ ထိုသူသည် နတ်ဝိဇ္ဇာအတတ်အားဖြင့် ကြာမြင့်စွာပြုလျက်နေ၏။ ၁၂ ဖိလိပ္ပုသည် ဘုရားသခင်၏ နိုင်ငံတော်နှင့်လည်းကောင်း၊ ယေရှုခရစ်၏ နာမတော်နှင့်လည်းကောင်း စပ်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြော၍ ထိုသူတို့သည် ယုံကြည်သောအခါ၊ ယောကျ်ားမိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏။ ၁၃ ရှိမုန်သည်လည်း ကိုယ်တိုင်ယုံကြည်သည်ဖြစ်၍ ဗတ္တိဇံကိုခံပြီးမှ ဖိလိပ္ပုထံ၌ မှီဝဲဆည်းကပ်သဖြင့်၊ ထူးဆန်းသော တန်ခိုးကြီးသော နိမိတ်လက္ခဏာများကို မြင်၍ မိန်းမောတွေဝေလျက်ရှိလေ၏။ **(တမန်တော်ဝတ္ထု ၈:၅-၁၃)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(တမန် ၂:၃၈၊ တမန် ၁၈:၈၊ ရောမ ၆:၄-၅၊ ကောလောသဲ ၂:၁၂၊ ဂလာတိ ၃:၂၇)

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - သမ္မာကျမ်းစာက ခရစ်ယာန်များသည် နှစ်ခြင်းမင်္ဂလာခံယူရမည်ဟု ပြောထားပါသည်။ ရေနှစ်ခြင်းသည် သခင်ယေရှုအား ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် ကျွန်ုပ်တို့လက်ခံသောအခါ ကျွန်ုပ်တို့နှလုံးသားထဲတွင် ထည့်ထားခြင်းဖြစ်ပါသည်။ နှစ်ခြင်းမင်္ဂလာသည် ကျွန်ုပ်တို့ယေရှုခရစ်တော်၏နောက်တော်လိုက်များဖြစ်ကြောင်းကို သူတစ်ပါးအား သက်သေခံခြင်းဖြစ်ပါသည်။

# ကျွန်ုပ်တို့သည် ဤလောက၏အလင်းဖြစ်ကြသည်

## ယေရှုသည် မည်သူဖြစ်ကြောင်းကို ကမ္ဘာလောကကြီးအားပြောပြပါ

သင်ခန်းစာ

၂-၂

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်ယာန်ဟူသည် ယေရှုခရစ်တော်နောက်တော်သို့လိုက်သောသူ ဖြစ်ပါသည်။ ကျမ်းစာက ခရစ်ယာန်ဟူသည် ဤကမ္ဘာလောကကြီးအား အလင်းကိုထွန်းလင်း၍ ယေရှု၏ပုံသက်သေကို ပြရန်ဖြစ်ပါသည်။

**အဓိကကျမ်းပိုဒ် -** သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့မကွယ်နိုင်။ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှါ ဆီမီးခုံပေါ်မှာ တင်ထားလေ့ရှိ၏။ ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ သူတစ်ပါးတို့ရှေ့၌ သင်တို့၏အလင်းကို လင်းစေကြလော့။ **(မဿဲ ၅:၁၄-၁၆)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် ရေတွင်းအနီးတွင် ထိုင်နေသည်။ မိန်းမတစ်ဦးသည် ရေလာခပ်သည်။ ယေရှုက ထိုမိန်းမထံမှ ရေတောင်းသောက်သည်။ ယေရှုရ ထိုမိန်းမအား သူသည် ထာဝရအသက်ရှင်နိုင်သော အသက်ရေကို ပေးနိုင်ကြောင်းပြောသည်။ ယေရှုက ထိုမိန်းမ၏အဖြစ်အပျက်များကို လူသာမန်ဦးနှောက်နှင့်နားမလည်နိုင်သောဉာဏ်နှင့်ပြောပြပါသည်။ ယေရှုသည် ထိုမိန်းမအား မိမိသည် ခရစ်တော်ဖြစ်ကြောင်း ဖော်ပြပါသည်။ ထိုအမျိုးသမီးသည် ယေရှု၏ပြောစကားအပေါ် အံ့သြမိန်းမောလျက် ယေရှုပြောသမျှကို ယုံကြည်ခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၈ ထိုမိန်းမသည်လည်း ရေအိုးကိုထားခဲ့၍ မြို့ထဲသို့သွားပြီးလျှင်၊ ၂၉ အကျွန်ုပ်ပြုဖူးသမျှသော အမှုအရာတို့ကို ထုတ်ဖော်သောသူကိုလာ၍ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လောဟု လူများတို့အားပြောဆိုသော်၊ ၃၀ သူတို့သည် မြို့ထဲမှထွက်၍ အထံတော်သို့သွားကြ၏။ ၃၉ ရှမာရိမိန်းမက၊ အကျွန်ုပ်ပြုဖူးသမျှသော အမှုအရာတို့ကို သူသည်ထုတ်ဖော်ပြီဟု သက်သေခံသောစကားကြောင့်၊ ထိုမြို့၌နေသော ရှမာရိလူအများတို့သည် ယေရှုကို ယုံကြည်ကြ၏။ ၄၀ ထိုကြောင့် ရှမာရိလူတို့သည် အထံတော်သို့ရောက်လျှင်၊ မိမိတို့အရပ်၌ နေတော်မူမည်အကြောင်း တောင်းပန်၏။ ထိုအရပ်၌ နှစ်ရက်နေတော်မူ၏။ ၄၁ အခြားသောသူအများတို့သည် နှုတ်ကပတ်စကားတော်ကြောင့် ယုံကြည့်၍၊ ၄၂ ထိုမိန်းမအား၊ ယခုဖြစ်လျှင် ငါတို့သည် သင်၏စကားကြောင့်သာယုံကြည်သည်မဟုတ်။ စကားတော်ကို ကိုယ်တိုင်ကြားနာရ၍၊ ဤသူသည် လောကီသားတို့ကို ကယ်တင်တော်မူသော သခင်တည်းဟူသော ခရစ်တော် အမှန်စင်စစ်ဖြစ်တော်မူကြောင်းကို သိသည်ဟု ဆိုကြ၏။ **(ရှင်ယောဟန်ခရစ်ဝင် ၄:၂၈-၃၀၊ ၃၉-၄၂)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( တမန် ၁:၈၊ မာကု ၁၆:၁၅-၁၆၊ လုကာ ၁၁:၃၃-၃၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုသည် စစ်မှန်သောအလင်းနှင့် ကယ်တင်ရှင်အဖြစ် ဤကမ္ဘာကြီးတွင် ပေါ်ထွန်းခဲ့ပါသည်။ ယေရှုက သူ၏တပည့်တော်များအား သွား၍သူတစ်ပါးအား အလင်းထွန်းလင်းပြသပြီး သူသည် မည်သူဖြစ်ကြောင်း လူအပေါင်းတို့ရှေ့တွင် ပေါ်လွင်စေရပါမည်။

# အခြားသူများနှင့် သင့်တင့်စွာနေပါ
## သင့်ကိုပြစ်မှားသောသူများကို ခွင့်လွှတ်ပါ

သင်ခန်းစာ
၂-၃

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း
ယေရှုသည် သူ၏တပည့်တော်များအား အခြားသောသူများနှင့် အသင့်အတင့်နေရန် ညွှန်ကြားခဲ့သည်။ ခရစ်ယာန်များအနေဖြင့် အခြားသောသူများအပေါ်တွင် ကြင်နာစွာဆက်ဆံရန်နှင့် မိမိတို့ကို ပြစ်မှားသောသူများတို့အား ဂရုဏာနှင့်ဆက်ဆံရန် သွန်သင်ခြင်းခံရပါသည်။ သူတပါးနှင့်ငြိမ်းချမ်းစွာနေခြင်းသည် မိမိတို့ကိုပြစ်မှားနာကျင်စေသောသူများအပေါ်ခွင့်လွှတ်နိုင်ရန် ပျိုးထောင်ပေးပါသည်။

**အဓိကကျမ်းပိုဒ် -** ထို့ကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျှင် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ ပူဇော်သက္ကာကို တင်လော့။ **(ရှင်မဿဲခရစ်ဝင်။ ၅:၂၃-၂၄)**

### သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း
**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ယေရှု၏နောက်တော်လိုက်တပည့်တော်တစ်ဦးသည် ယေရှုအား မိမိအပေါ်ပြစ်မှာသောသူ၏အပြစ်ကို အကြိမ်မည်မျှ ခွင့်လွှတ်ရမည်နည်းဟု မေးသော် ယေရှုက အောက်ပါ ဥပမာအားဖြင့် မိန့်ကြားခဲ့ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၂၃ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို စာရင်းယူခြင်းငှာ အလိုရှိသောမင်းကြီးတစ်ဦးနှင့်တူ၏။ ၂၄ စာရင်းယူစဉ်တွင်၊ ငွေအခွက်တစ်သိန်းကြွေးတင်သောသူတစ်ယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ ၂၅ ထိုသူသည် ကြွေးဆပ်ရန်မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ကိုရောင်း၍ ကြွေးကိုဆပ်စေဟု သူ၏သခင်စီရင်၏။ ၂၆ ထိုကျွန်သည် ညွှတ်ပျက်ဝပ်တွားလျက်၊ သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု လျှောက်လျှင်၊ ၂၇ သူ၏သခင်သည် သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ ချမ်းသာပေးလေ၏။ ၂၈ ထိုကျွန်သည် ထွက်သွားရာတွင် မိမိငွေဒေနာရိတစ်ရာ ကြွေးတင်သော ကျွန်ချင်းတစ်ယောက်ကို တွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကိုဆပ်ပေးလော့ဟု ဆို၏။ ၂၉ ထိုကျွန်ချင်းသည် ကျွေးရှင်၏ခြေရင်း၌ ပျပ်ဝပ်လျက် ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု တောင်းပန်းသော်လည်း၊ ၃၀ ငွေရှင်သည် နားမထောင်ဘဲသွား၍ ကြွေးကိုမဆပ်မီတိုင်အောင် သူကိုထောင်ထဲမှာ လှောင်ထား၏။ ၃၁ ထိုအမှုအရာကို အခြားသောကျွန်ချင်းတို့သည် မြင်လျှင် အလွန်နာကြည်းသောစိတ်နှင့် သွား၍၊ ပြုလေသမျှတို့ကို မိမိတို့သခင်၌ ကြားလျှောက်ကြ၏။ ၃၂ ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ်ဆိုးညစ်သောကျွန်၊ သင်သည် ငါ့ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသော ကြွေးကို ငါရှင်းလင်းစေ၏။ ၃၃ ငါသည် သင့်ကို သနားကဲ့သို့ သင်သည်လည်း ကျွန်ချင်းကို မသနားအပ်သလောဟု ဆိုလျက်၊ ၃၄ အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ်မီတိုင်အောင် အာဏာသားတို့လက်ကို အပ်လေ၏။ ၃၅ သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတ္တံ့ဟု မိန့်တော်မူ၏။ **(ရှင်မဿဲခရစ်ဝင်။ ၁၈:၂၃-၃၅)**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း
( မဿဲ ၆:၁၄၊ လုကာ ၁၁:၄၊ လုကာ ၁၇:၃-၄၊ ၂ကော ၂:၅-၁၁၊ ကောလောသဲ ၃:၁၂-၁၄၊ ဖေက် ၄:၃၂၊ မာကု ၁၁:၂၅-၂၆ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)
**နိဂုံး -** ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီ၏အပြစ်များကို ခွင့်လွှတ်ပေးသကဲ့သို့ ခရစ်တော်၏နောက်တော်လိုက်များသည်လည်း သူတစ်ပါးကိုခွင့်လွှတ်ရန်အတွက် ခေါ်ထားပါသည်။ မိမိပတ်ဝန်းကျင်ရှိလူများနှင့် ငြိမ်းချမ်းစွာနေထိုင်ရန် ညွှန်ကြားထားပါသည်။

# မတရားသောမေထုန်ကို ရှောင်ကြဉ်ပါ

## ကိလေသာစိတ်ဖြင့် သူတစ်ပါးကို မကြည့်မိပါစေနှင့်

သင်ခန်းစာ
၂-၄

---

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏တပည့်တော်များအား မတရားသောမေထုန် မမှီဝဲရန် ညွှန်ကြားခဲ့သည်။ ယေရှုက အခြားသောသူတစ်ဦးအား ကိလေသာမျက်စိဖြင့် ကြည့်လျှင် အပြစ်ဖြစ်ကြောင်းကို သွန်သင်ခဲ့ပါသည်။

**အဓိကကျမ်းပိုဒ် -** သူ့မယားကို မပြစ်မှားရ ဟူသော ရှေ့ပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ။ **(ရှင်မဿဲခရစ်ဝင်။ ၅:၂၇-၂၈)**

### သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ဒါဝိဒ်သည် ဣသရေလနိုင်ငံ၏ကျော်ကြားသောဘုရင်ဖြစ်ပါသည်။ ဒါဝိဒ်သည် အမျိုးသမီးတစ်ဦးရေချိုးနေသည်ကို တွေ့မြင်ပြီး ကိလေသာစိတ်ဖြစ်မိပါသည်။ သူမ၏ခင်ပွန်းသည် ဒါဝိဒ်၏စစ်တပ်မှ တပ်မှူးဖြစ်ပါသည်။ သူ၏နာမည်မှာ ဥရိယဖြစ်ပြီး ဟိတ္တိလူဖြစ်ပါသည်။ ဒါဝိဒ်သည် ၎င်း၏ကျွန်ကို စေလွှတ်၍ ထိုအမျိုးသမီးကို အခေါ်လွှတ်လိုက်ပါသည်။ ဒါဝိဒ်အားဖြင့် ကိုယ်ဝန်ရသွားပါသည်။ ထိုအခါ ဒါဝိဒ်သည် သူမ၏ခင်ပွန်း ဥရိယကို စစ်ပွဲသို့ စေလွှတ်ပြီး ထိုစစ်ပွဲတွင် ဥရိယသေဆုံးသွားခဲ့ပါသည်။ ဘုရားသခင်သည် နှစ်သက်တော်မမူပါ။ ဘုရားသခင်သည် ပရောဖက်နာသန်ကို ဒါဝိဒ်ထံသို့ စေလွှတ်ခဲ့ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၁ နောက်တစ်ဖန် ထာဝရဘုရားသည် ပရောဖက်နာသန်ကို ဒါဝိဒ်ထံသို့ စေလွှတ်တော်မူသဖြင့်၊ နာသန်သည်ဝင်၍ အရှင်မင်းကြီး၊
ဤမည်သောမြို့တွင် သူဌေးတစ်ဦး၊ ဆင်းရဲသားတစ်ဦးရှိပါ၏။ ၂ သူဌေးသည် အလွန်များစွာသော သိုးနွားမှစသည်တို့နှင့် ကြွယ်ဝ
ပြည့်စုံပါ၏။ ၃ ဆင်းရဲသားမူကား၊ မိမိဝယ်၍ မွေးစားသောသိုးမကလေးတစ်ကောင်တည်းမှတစ်ပါး တခြားသောဥစ္စာမရှိပါ။ ထို
သိုးမကလေးသည် အရှင်နှင့်လည်းကောင်း၊ အရှင်၏သားသမီးတို့နှင့်လည်းကောင်း ပေါင်း၍ ကြီးပွား၏။ အရှင်၏အစာကို စား
တတ်၏။ အရှင်၏ရေခွက်၌သောက်တတ်၏။ အရှင်၏ရင်ခွင်၌အိပ်၍ သမီးကဲ့သို့ဖြစ်၏။ ၄ သူဌေးအိမ်သို့ ဧည့်သည်တစ်ဦးရောက်
၍ သူဌေးသည် ဧည့်သည်ကိုလုပ်ကျွေးဖို့ မိမိသိုးနွားများကို နှမြောသောကြောင့် မယူ၊ ဆင်းရဲသား၏သိုးမကလေးကိုယူ၍ ဧည့်
သည်ကို လုပ်ကျွေးဖို့ ချက်ပါသည်ဟု လျှောက်လေသော်၊ ၅ ဒါဝိဒ်သည် ထိုသူဌေးကို ပြင်းစွာအမျက်ထွက်၍၊ ထာဝရဘုရား
အသက်ရှင်တော်မူသည်အတိုင်း ထိုသို့ပြုသောသူသည် အမှန်သေရမည်။ ၆ ကရုဏာစိတ်မရှိဘဲ ထိုအမှုကိုပြုသောကြောင့်၊ ထို
သိုးမကလေးအတွက် လေးဆပြန်ပေးရမည်ဟု မိန့်တော်မူ၏။ ၇ နာသန်ကလည်း၊ ထိုသူသည်ကား အခြားသူမဟုတ်၊ ကိုယ်တော်
ပင်ဖြစ်ပါ၏။ ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဘိသိက်ပေး၍ သင့်ကို ဣသရေလ
ရှင်ဘုရင်အရာ၌ ခန့်ထားပြီး၊ ရှောလုလက်မှလည်း ကယ်လွှတ်ပြီ။ ၈ သင့်သခင်၏အဆွေအမျိုးကိုလည်းကောင်း၊ သင့်သခင်၏
မယားတို့ကိုလည်းကောင်း၊ သင်၏ရင်ခွင်၌ ငါအပ်ပေးပြီ။ ဣသရေလအမျိုးနှင့်ယုဒအမျိုးကို ငါပေးပြီ။ ထိုအရာများမလောက်လျှင်
အခြားတစ်ပါးသောအရာရာတို့ကို ပေးခြင်းငှာ ငါအလိုရှိ၏။ ၉ သင်သည် ထာရဘုရား၏ပညတ်တရားတော်ကို မထီမဲ့မြင်ပြု၍ ရှေ့
တော်၌ဒုစရိုက်ကို အဘယ်ကြောင့် ပြုဘိသနည်း။ ဟိတ္တိလူ၊ ဥရိယ၏အသက်ကို ဓားဖြင့်သတ်၍ သူ၏မယားကို သိမ်းလေပြီ
တကား။ ထိုသူကို အမ္မုန်အမျိုးသားဓားနှင့် သတ်လေပြီးတကား။ **(ဓမ္မရာဇဝင်ဒုတိယစောင်။ ၁၂:၁-၉)**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ထွက် ၂၀:၁၄၊ ဟေဗြဲ ၁၃:၄၊ ဖေက် ၅:၃-၅၊ ၁ကော ၆:၁၃-၂၀၊ ကော ၃:၁-၁၁၊ ၁သက် ၄:၃-၈၊ သုတ္တံ ၆:၃၂ )

**လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)**

**နိဂုံး -** မတရားသောမေထုန်ပြုခြင်းသည် လက်ထပ်မင်္ဂလာပြုခြင်းကို သစ္စာဖျက်ခြင်းဖြစ်စေပါသည်။ ဘုရားသခင်ရှေ့တော်တွင် အပြစ်ဖြစ်ပါသည်။ ယေရှုက သူ၏နောက်တော်လိုက်များအား မေထုန်မှီဝဲခြင်း၌ အကျင့်မပျက်ရန် မိန့်တော်မူထားပါသည်။ ယေရှုက ကိလေသာစိတ်ဖြင့် ပြစ်မှားခြင်းသည်ပင် ကိုယ်ထိလက်ရောက်ကျူးလွန်သည်နှင့်အတူတူပင်ဖြစ်ကြောင်း သွန်သင်ခဲ့ပါသည်။

# အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်၏အစီအစဉ်ဖြစ်ပါသည်

**ကွာရှင်းခြင်းကို ဘုရားသခင် မနှစ်သက်ပါ**

သင်ခန်းစာ ၂-၅

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုက မင်္ဂလာဆောင်နှင်းခြင်းသည် ဘုရားသခင်ရှေ့တွင် အလေးအနက်ထားရန်နှင့် အလွန်အရေးကြီးကြောင်း သွန်သင်ခဲ့ပါသည်။

**အဓိကကျမ်းပိုဒ် -** ငါပြည်တ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏။ ကွာသောမိန်းမနှင့်စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကို ပြစ်မှား၏။ **(ရှင်မဿဲခရစ်ဝင်။ ၅:၃၂)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

များစွာသောလူအစုအဝေးကြီးသည် ယေရှု၏အနာရောဂါငြိမ်းခြင်းနှင့် သွန်သင်ခြင်းများအတွက် နောက်တော်သို့လိုက်ခဲ့ပါသည်။ ဖာရိရှဲတို့သည်လည်း ခရစ်တော်ထံသို့လာရောက်ပြီး များစွာသော မေးခွန်းများကိုမေးကြသည်။ ဖာရိရှဲတို့သည် ဂျူးဘာသာတရားတွင် ဘာသာရေးခေါင်းဆောင်များဖြစ်ကြသည်။ ဖာရိရှဲတို့သည် မောရှေအားဖြင့် ဘုရားသခင်ပေးခဲ့သော ဘာသာရေးပညတ်များစွာကို လိုက်လျှောက်ကြပါသည်။ မောရှေသည် ယေရှုမမွေးဖွားမီ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဣသရေလလူမျိုးများတို့အား ဦးဆောင်ခဲ့ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၃ ဖာရိရှဲတို့သည် အထံတော်သို့လာ၍ လူသည် ခပ်သိမ်းသောအပြစ်ကြောင့် မိမိမယားနှင့်ကွာအပ်သလောဟု စုံစမ်းနှောင့်ယှက်ခြင်းငှာ မေးလျှောက်ကြသော်၊ ၄ ကိုယ်တော်က၊ အစအဦး၌ ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့် မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။ ၅ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မဖတ်ဖူးသလော။ ၆ ထိုကြောင့် လင်မယားသည် နှစ်ဦးမဟုတ်၊ တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဖက်စပ်၍ ထမ်းပိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏။ ၇ ဖာရိရှဲတို့ကလည်း၊ ထိုသို့မှန်လျှင် ဖြတ်စာကိုပေး၍ မယားနှင့်ကွာစေခြင်းငှာ မောရှေသည် အဘယ်ကြောင့် စီရင်သနည်းဟု လျှောက်ကြသော်၊ ၈ ကိုယ်တော်က၊ သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကို မောရှေသည် စီရင်၏။ အစအဦး၌ ထိုသို့မဟုတ်။ ၉ ငါပြည်တ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတစ်ပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့်စုံဖက်သောသူသည် မိမိမယားကိုပြစ်မှား၏။ ကွာသောမိန်းမနှင့် စုံဖက်သောသူသည်လည်း သူ့မယားကို ပြစ်မှားသည်ဟု မိန့်တော်မူ၏။ **(ရှင်မဿဲခရစ်ဝင်။ ၁၉:၃-၉)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဧဖက် ၅:၂၁-၂၈၊ ကမ္ဘာ ၂:၂၀-၂၄၊ ၁ကော ၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** မင်္ဂလာဆောင်ခြင်းသည် ဘုရားသခင်၏ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုအရာသည် ဘုရားသခင်ရှေ့တော်တွင် အလေးအမြတ်ထားရာဖြစ်ပါသည်။ ခရစ်တော်၏နောက်လိုက်များသည် ၎င်းတို့၏မင်္ဂလာဆောင်ခြင်း အမှုကို မူလအခြေအနေအတိုင်း မပျက်မစီးရန် ထိန်းသိမ်းထားသင့်ပါသည်။

# မတရားမှုများကို တုံ့ပြန်ခြင်း

## ချစ်ခြင်းမေတ္တာအားဖြင့် အသက်ရှင်ပါ

သင်ခန်းစာ
၂-၆

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏တပည့်တော်များအား မတရားသောအမှုများကို မည်ကဲ့သို့ တုံ့ပြန်ရမည်ကို သွန်သင်ခဲ့သည်။ ယေရှုက သူ တပည့်တော်များအား ၎င်းတို့ကို ပြစ်မှားသောသူများအပေါ် ပြန်၍ လက်တုံ့မပြန်ရန် မိန့်မှာခဲ့ပါသည်။ ယေရှုက ခရစ်ယာန်များ သည် အခြားသောသူများအား ချစ်ခြင်းမေတ္တာနှင့် ကရုဏာအားဖြင့် လက်တွေ့အသက်ရှင်ပြသရန် မိန့်ကြားခဲ့ပါသည်။

**အဓိကကျမ်းပိုဒ် -** ငါပြောသည်ကား နှောင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ပါးတဖက်ကို သူတပါးပုတ်လျှင် ပါးတ ဖက်ကို လှည့်၍ပေးဦးလော့။ သင့်အင်္ကျီကို ယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့ အကြင်သူသည် သင့်ကို အနိုင်ပြု၍ ခရီးတတိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။ **(မဿဲ ၅:၃၉-၄၁)**

### သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ယုဒသည် ယေရှု၏တပည့်တော်တစ်ဦးဖြစ်ပါသည်။ ဘာသာရေးအကြီးအကဲများသည် ယေရှုကိုသတ်ချင်ကြသည်။ ယုဒသည် ယေရှုအား ငွေအသပြာအတွက်နှင့် သစ္စာဖောက်ခဲ့သည်။ ဤအဖြစ်အပျက်တွင် ယေရှုက ယုဒမှလွဲ၍ သူ၏တပည့်တော်များအား မိန့်တော်မူခဲ့ပါသည်။ ယေရှုသည် ယုဒ၏သစ္စာဖောက်မည့်အကြောင်းကို ကြိုတင်သိခဲ့ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၄၇ ထိုသို့ မိန့်တော်မူစဉ်တွင်ပင် တပည့်တော်တစ်ကျိပ်နှစ်ပါးအဝင်ဖြစ်သော ယုဒရှကာရုတ်သည် လူအပေါင်းတို့ကို လမ်းပြလျက် လာ၍၊ ယေရှုကို နမ်းခြင်းငှာ ချဉ်းကပ်လေ၏။ ၄၈ ယေရှုကလည်း၊ ယုဒ သင်သည် နမ်းခြင်းကို ပြုလျက် လူသားကိုအပ်သလော ဟု မေးတော်မူ၏။ ၄၉ ယေရှုနှင့်အတူပါသော သူတို့သည် ဖြစ်အံ့သောအမှုကို မြင်လျှင်၊ သခင်၊ အကျွန်ုပ်တို့သည် ဓားနှင့်ခုတ်ရပါ မည်လောဟု မေးလျှောက်ပြီးမှ၊ ၅၀ တစ်ယောက်သည် ယဇ်ပုရောဟိတ်မင်း၏ ကျွန်တစ်ယောက်ကို ခုတ်သဖြင့် လက်ယာနား ရွက်ပြတ်လေ၏။ ၅၁ ယေရှုကလည်း၊ တန်စေဟု မိန့်တော်မူ၍ နားရွက်ကို လက်တော်နှင့်တို့သဖြင့် အနာကို ပျောက်စေတော်မူ ၏။ ၅၂ ထိုအခါ အထံတော်သို့ ရောက်လာသော ယဇ်ပုရောဟိတ်အကြီး၊ ဗိမာန်တော်မှူး၊ လူအကြီးအကဲတို့အား ယေရှုက၊ သင်တို့ သည် ဓားပြကိုဖမ်းသကဲ့သို့ ငါ့ကို ဖမ်းအံ့သောငှာ ဓားနှင့်တုတ်များကို လက်စွဲလျက် လာကြသည်တကား။ ၅၃ ငါသည် ဗိမာန် တော်၌ သင်တို့နှင့်အတူ ရှိနေစဉ်အခါ သင်တို့သည် ငါ့ကိုမဖမ်းမဆီးကြ။ သို့သော်လည်း ယခုအချိန်ကား သင်တို့အချိန်ဖြစ်၏။ မှောင်မိုက်တန်ခိုးလည်းဖြစ်၏ဟု မိန့်တော်မူ၏။ **( ရှင်လုကာခရစ်ဝင်။ ၂၂:၄၇-၅၃ )**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( လုကာ ၆:၃၂၊ ဖေက် ၅:၁-၂၊ ရောမ ၁၂:၁၇-၂၁၊ ယော ၄:၇-၈၊ ယော ၁၃:၃၄၊ မာကု ၁၂:၂၈-၃၁၊ မာကု ၁၂:၂၈-၃၁၊ ၁ပေ ၁:၂၂၊ ၁ယော ၃:၁၁၊ ၁ကော ၄:၁၂၊ ၁ပေ ၃:၉၊ ၂ကော ၁၂:၁၀ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုက သူ၏တပည့်တော်များအား မိမိအပေါ်ပြစ်မှားသောသူများကို ရန်တုံ့မမူရန် မိန့်တော်မူခဲ့ပါ သည်။ ခရစ်တော်၏နောက်တော်လိုက်များအနေဖြင့် ခရစ်တော်၏ချစ်ခြင်းမေတ္တာကို သိခြင်းအားဖြင့် အခြားသူများနှင့် မတူညီစွာ ပတ်ဝန်းကျင်ကို ဆက်ဆံပြုမူကြပါသည်။ ယေရှုက ခရစ်ယာန်များအနေဖြင့် သူတစ်ပါးအပေါ်တွင် ချစ်ခြင်းမေတ္တာ၊ ကရုဏာထား ခြင်းအားဖြင့် ပုံသက်သေပြရန် သွန်သင်ထားပါသည်။

# ရန်သူများကို ချစ်ပါ

## ဘုရားသခင်သည် လူသားအားလုံးကို ချစ်တော်မူသည်

သင်ခန်းစာ

၂-၇

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏တပည့်တော်များအား ရန်သူများကို ချစ်ရန်နှင့်ဆုတောင်းပေးရန် သွန်သင်ခဲ့ပါသည်။ ယေရှုက ကျွန်ုပ်တို့အပေါ် ကောင်းစွာမပြုသူများကို ချစ်ရန်ခက်ခဲကြောင်း မိန့်တော်မူခဲ့ပါသည်။ ယေရှုက သူ၏တပည့်တော်များအား ချစ်ဖို့ရန် ခက်ခဲသော သူများကိုပင် ချစ်ရမည်ဖြစ်ပြီး သူတစ်ပါးနှင့် ခြားနားစွာဖြင့် အသက်ရှင်ရန် မိန့်တော်မူခဲ့ပါသည်။

**အဓိကကျမ်းပိုဒ် -** ငါပညတ်သည်ကား သင်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှါ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ယှက်ညှင်းဆဲသောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုဃ်းကို ရွာစေတော်မူ၏။ **(ရှင်မဿဲခရစ်ဝင်။ ၅:၄၄-၄၅)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် ကမ္ဘာမြေကြီးပေါ်တွင် ရှိစဉ်က ရန်သူများစွာရှိခဲ့ပါသည်။ ထိုရန်သူများသည် ယေရှုကို မုန်းကြပါသည်။ ယေရှုသည် ၎င်း၏ရန်သူများ၏ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အသေသတ်ခြင်းသို့ ပို့ဆောင်ခြင်းကို ခံခဲ့ရပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၆ ကိုယ်တော်ကို ထုတ်သွားကြစဉ်၊ ရှိမုန်အမည်ရှိသော ကုရေနေပြည်သားတစ်ယောက်သည် တောရွာမှ လာသည်ကို သူတို့ သည်တွေ့လျှင်၊ ဖမ်းဆီး၍ ယေရှုနောက်တော်၌ လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏။ ၂၇ နောက်တော်၌ လိုက်သောလူများ အပေါင်းတို့တွင်၊ ကိုယ်တော်ကြောင့် ငိုကြွေးမြည်တမ်းသော မိန်းမအချို့ပါ၏။ ၃၂ ထိုအခါ ကိုယ်တော်နှင့်အတူ လူဆိုးနှစ်ယောက် တို့ကိုလည်း သတ်အံ့သောငှာ ထုတ်သွားကြ၏။ ၃၃ ကရာနိအမည်ရှိသောအရပ်သို့ ရောက်ကြသော်၊ ကိုယ်တော်နှင့်တကွ ထိုလူ ဆိုးတို့ကို လက်ယာတော်ဘက်၌တစ်ယောက်၊ လက်ဝဲတော်ဘက်၌ တစ်ယောက်၊ လက်ဝါးကပ်တိုင်မှဦ ရိုက်ထားကြ၏။ ၃၄ ယေရှုကလည်း၊ အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏။ အဝတ်တော်ကိုလည်း စာရေးတံချ၍ ဝေဖန်ကြ၏။ ၃၅ လူများတို့သည်လည်း ကြည့်ရှုလျက် ရပ်နေကြ၏။ ထိုသူတို့နှင့်အတူ မင်း အရာရှိတို့က၊ ဤသူသည် သူတစ်ပါးတို့ကို ကယ်တင်တတ်၏။ ခရစ်တော်တည်းဟူသော ဘုရားသခင် ရွေးချယ်တော်မူသော သူ မှန်လျှင် ကိုယ်ကိုကယ်တင်ပါလေစေဟူ၍ ပြက်ရယ်ပြုကြ၏။ ၃၆ စစ်သူရဲတို့သည်လည်း လာ၍ ပုံးရည်ကို ကပ်ပေးလျက်၊ ၃၇ သင်သည် ယုဒရှင်ဘုရင်မှန်လျှင် ကိုယ်ကို ကယ်တင်လော့ဟူ၍ ပြက်ရယ်ပြုလျက် ဆိုကြ၏။ ၃၈ ခေါင်းတော်ပေါ်မှာ တပ်၍ အပြစ်ဖော်ပြသော ကမ္ပည်းလိပ်စာချက်ဟူမူကား၊ ဤသူသည် ယုဒရှင်ဘုရင်ပေတည်းဟု ဟေဗြဲဘာသာ၊ ဟေလသဘာသာ၊ ရောမဘာသာအားဖြင့် ရေး၍ ခေါင်းတော်ပေါ်မှာ တပ်သတည်း။ ၃၉ ဆွဲထားသော လူဆိုးနှစ်ယောက်တွင် တစ်ယောက်က၊ သင် သည် ခရစ်တော်မှန်လျှင် ကိုယ်ကိုလည်းကောင်း၊ ငါတို့ကိုလည်းကောင်း၊ ကယ်တင်လော့ဟု ကိုယ်တော်ကို ကဲ့ရဲ့၍ ဆိုလေ၏။ ၄၀ တစ်ယောက်မူကား၊ မိမိအဖော်ကိုဆုံးမ၍၊ သင်သည် ဤသူနည်းတူ အပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကို မကြောက်သ လော့။ ၄၁ ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက်ခံရသည်ဖြစ်၍ တရားသဖြင့် ခံရကြ၏။ ဤသူမူကား အဘယ်အပြစ် ကိုမျှ မပြုဟုဆိုပြီးလျှင်၊ ၄၂ သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့ တော်မူပါဟု ယေရှုကို လျှောက်ဆို၏။ ၄၃ ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိ လိမ့်မည်ဟု မိန့်တော်မူ၏။

**( ရှင်လုကာခရစ်ဝင်။ ၂၃:၂၆-၂၇၊ ၃၂-၄၃ )**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မာကု ၁၂:၂၈-၃၁၊ ယောဟန် ၁၃:၃၄၊ ရောမ ၁၂:၁၇-၂၁၊ လုကာ ၆:၂၇-၃၈ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုက ကျွန်ုပ်တို့အား မိမိတို့အပေါ် ညှင်းပန်းနှိပ်စက်သူများအား ချစ်ခြင်းမေတ္တာနှင့်ဆုတောင်းပေးသင့်ကြောင်းသွန်သင်ခဲ့ပါသည်။ ယေရှုက သူ့အပေါ်တွင် နှိပ်စက်ညှင်းပန်းခြင်းနှင့်သတ်ဖြတ်သူများအား ကရုဏာပြနိုင်ခဲ့ပါသည်။ ခရစ်တော်၏နောက်တော်လိုက်များအနေဖြင့်လည်း ယေရှုပြသနည်းတူ ရန်သူများကို တုံ့ပြန်ရပါမည်။

# သူတပါးကို ပေးကမ်းပါ

## ဘုရားသခင်သည် လိုအပ်နေသူများကို ဂရုစိုက်ပါသည်

သင်ခန်းစာ
၂ - ၈

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏တပည့်တော်များအား လိုအပ်နေသူများအား ဂရုစိုက်ရန် သွန်သင်ခဲ့သည်။ ခရစ်တော်၏နောက်တော်လိုက်များသည် လိုအပ်နေသူများကို ပေးလှူရာတွင် ပတ်ဝန်းကျင်မှ လူများရှေ့တွင် ပေါ်လွင်ထင်ရှားစေရန် ပေးလှူခြင်းမဟုတ်ပါ။ ခရစ်ယာန်များသည် လိုအပ်နေသောသူများအား ပေးကမ်းသောအခါ ဘုရားသခင်တွေ့မြင်တော်မူပြီး ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ဆုလာဘ်များကို ပေးတော်မူမည်။

**အဓိကကျမ်းပိုဒ် -** သင်သည် အလှူဒါနကို ပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှါ လက်ျာလက်ပြုသည်အမှုကို လက်ဝဲလက်မျှမသိစေနှင့်။ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာပေးတော်မူလတံ့။
**(ရှင်မဿဲခရစ်ဝင် ၆:၃-၄)**

## သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှု၏တပည့်တော်များသည် ယေရှုအား ကမ္ဘာအဆုံးတွင် မည်သို့ဖြစ်ပျက်မည်ကို မေးမြန်းကြလေသည်။ ယေရှုက သူ၏တပည့်တော်များအား ကမ္ဘာအဆုံးတွင် သူသည် ဘုရင်ဖြစ်၍လူများကို တရားစီရင်မည့်အကြောင်းကို ပြောပြခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၃၂ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲထားသကဲ့သို့၊ လူအပေါင်းတို့ကို အသီးအခြားခွဲ၍၊ ၃၃ သိုးတို့ကို လက်ယာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတ္တံ့။ ... ၃၅ အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တိုသည် ကျွေးကြ၏၊ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဖို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုပြုကြ၏။ ၃၆ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့် ဖုံး လွှမ်းကြ၏၊ ငါသည် အနာရောဂါစွဲသောအခါ သင်တို့သည် ကြည့်ရှုပြုစုကြ၏၊ ငါသည် ထောင်ထဲမှာနေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ဟု မိန့်တော်မူလျှင်၊... ၄၀ မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍ မိန့်တော်မူလတ္တံ့။ ... ၄၂ အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့မကျွေး၊ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဖို့မပေး၊ ၄၃ ငါသည် ဧည့်သည်ဖြစ်သောအခါသင်တို့သည် ဧည့်သည်ဝတ်ကိုမပြု။ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့် မဖုံးမလွှမ်း။ ငါသည်အနာရောဂါစွဲသောအခါ၌လည်းကောင်း၊ ထောင်ထဲမှာနေရသောအခါ၌ လည်းကောင်း၊ သင်တို့သည် မကြည့်ရှုမပြုစုကြဟု မိန့်တော်မူလျှင်၊ ... ၄၅ မင်းကြီးက ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတို့တွင် အငယ်ဆုံးသောသူ တစ်ယောက်အား မပြုသမျှတို့ကို ငါ့အားမပြုကြပြီဟု ပြန်၍ မိန့်တော်မူလတ္တံ့။ ၄၆ ထိုသူတို့သည် ထာဝရအပြစ်ဒဏ် ခံရာသို့လည်းကောင်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့လည်းကောင်း သွားရကြလတ္တံ့ဟု မိန့်တော်မူ၏။
**(ရှင်မဿဲခရစ်ဝင် ၂၅:၃၂-၄၆)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( သုတ္တံ ၁၉:၁၇၊ သုတ္တံ ၂၈:၂၇၊ ဆာလံ ၈၂:၃၊ မဿဲ ၅:၄၂၊ မဿဲ ၁၉:၂၁၊ ယေရမိ ၂၂:၃ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုသည် လိုအပ်သူများကို ဂရုစိုက်ပါသည်။ ယေရှုက သူ၏နောက်တော်လိုက်များအား လိုအပ်သူများကို ပေးကမ်းရန် ညွှန်ကြားခဲ့ပါသည်။ ယေရှုသည် သူတစ်ပါးကို ပေးကမ်းသူများအား ဆုလာဘ်ပေးတော်မူမည်။

# ဆုတောင်းခြင်း

**ဘုရားသခင်ထံ စကားပြောခြင်းနှင့် ဘုရားသခင်၏အသံတော်နားထောင်ခြင်း**

သင်ခန်းစာ
၂-၉

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုသည် သူ၏တပည့်တော်များအား အစဉ်အမြဲဆုတောင်းရန်သွန်သင်ခဲ့သည်။ ဆုတောင်းခြင်းသည် ဘုရားသခင်အား စကားပြောခြင်းနှင့် ဘုရားသခင်၏အသံတော်ကို နားထောင်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်သည် နားညောင်းတော်မူပါသည်။

**အဓိကကျမ်းပိုဒ် -** သင်သည် ဆုတောင်းသောအခါ ဆိတ်ညံရာအခန်းသို့ ဝင်၍ တံခါးကိုပိတ်ပြီးမှ၊ မထင်ရှားသောအရပ်၌ရှိတော်မူသော သင်၏အဘကိုဆုတောင်းလော့။ မထင်ရှားသောအရာကိုမြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာပေးတော်မူလတ္တံ့။ **(ရှင်မဿဲခရစ်ဝင် ၆:၆)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္တုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

မတရားသောရှင်ဘုရင်ဟေရုဒ်သည်  ခရစ်ယာန်များကို မုန်းတီးပါသည်။ ရှင်ဘုရင်ဟေရုဒ်သည် အသင်းတော်နှင့်သက်ဆိုင်သောသူများကို သတ်ခဲ့ပါသည်။ စစ်သားများသည် အသင်းတော်ခေါင်းဆောင် ပေတရုကို ဖမ်းဆီးပြီး သတ်ဖို့ရန် လျာထားခဲ့ပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၅  ပေတရုသည် ထောင်ထဲ၌ အကျဉ်းနေရစဉ်၊ သင်းဝင်သူတို့သည် သူ့အဖို့ကြိုးစား၍ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြ၏။
… ၇ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ပေတရု၏နံဘေးကိုပုတ်ခတ်၍၊ အလျင်အမြန်ထလော့ဟု ဆိုလျက်ထ
စေ၏၊ သံကြိုးသည်လည်း ပေတရုလက်မှကျွတ်လေ၏။ ၈ ကောင်းကင်တမန်ကလည်း၊ သင်၏ခါးပန်းကို စည်းလော့။ ခြေနင်းကို
လည်းစည်းလော့ဟုဆိုလျှင်၊ ဆိုသည်အတိုင်း ပေတရုပြု၏။ ဝတ်လုံကိုခြုံ၍ ငါ့နောက်သို့လိုက်လော့ဟု ဆိုပြန်၏။ ၉ ပေတရုသည်
ထွက်၍လိုက်သော်လည်း၊ ကောင်းကင်တမန်ပြုသမျှတို့သည် မှန်သောအမှုအရာဖြစ်သည်ဟု မသိမမှတ်ဘဲ၊ မိမိသည် ဗျာဒိတ်ရူ
ပါရုံကို မြင်သည်ဟု ထင်လေ၏။ … ၁၇ ပေတရုသည်လည်း ထို သူတို့သည်လည်း ထိုသူတို့ကို တိတ်ဆိတ်စွာနေစေခြင်းငှာ မိမိ
လက်နှင့်အမှတ်ပေး၍ မိမိကို ထောင်ထဲက သခင်ဘုရားနုတ်တော်မူသော အကြောင်းအရာကို ဖော်ပြပြီးမှ၊ သင်တို့သွား၍
ယာကုပ်နှင့်ညီအစ်ကိုတို့အား ဤအကြောင်းများကို ပြန်ကြားကြလော့ဟု ဆိုပြီးလျှင်၊ ထွက်၍ အခြားတစ်ပါးသို့ သွားလေ၏။
**(တမန်တော်ဝတ္ထု ၁၂:၅-၁၇)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယေရမိ ၂၉:၁၂၊ မဿဲ ၅:၄၄၊ မဿဲ ၇:၁၁၊ ၂ရာ ၇:၁၄၊ ဆာလံ ၃၂:၅-၁၊ ယေရမိ ၄၂:၃၊ ၁သက် ၅:၁၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုသည် သူ၏တပည့်တော်များအား ဆုတောင်းရန် သွန်သင်ခဲ့ပါသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်သည် နားထောင်တော်မူ၏။ ကျွန်ုပ်တို့၏လိုအပ်မှုများအတွက် ဆုတောင်းရန် ယေရှုက မိန့်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ အံ့သြဘွယ်ရာများစွာ ဖြစ်ပျက်လာပါသည်။

# ကောင်းကင်ဘဏ္ဍာစုဆောင်းကြစို့

**ဘုရားသခင်အား မိမိ၏အသက်တာနှင့် ပိုင်ဆိုင်မှုများအားဖြင့် ဂုဏ်ပြုပါ**

သင်ခန်းစာ
၂ - ၁၀

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ကျွန်ုပ်တို့၏ ဤကမ္ဘာမြေကြီးပေါ်တွင် အသက်တာနှင့်ပိုင်ဆိုင်မှုများအဖြင့် ဘုရားသခင်ထံသို့ မည်သို့ ပူဇော်သည်ကို ဆုံးဖြတ်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတွင် ကျွန်ုပ်တို့သည် ဆုလာဘ်များကို ရရှိကြပါသည်။ ခရစ်တော်၏နောက်လိုက်များအနေဖြင့် ကောင်းကင်ဘုံတွင် ဆုလာဘ်များရရှိရန် အသက်ရှင်သင့်ပါသည်။

**အဓိကကျမ်းပိုဒ် -** သံချေး၊ ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကို မဆည်းဖူးကြနှင့်။ သံချေး၊ ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖောက် မခိုးမယူရာ ကောင်းကင်ဘုံ၌ဘဏ္ဍာကို ဆည်းဖူးကြလော့။ အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏။ **(ရှင်မဿဲခရစ်ဝင် ၆:၁၉-၂၁)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ယေရှုသည် လာဇရု၏အိမ်တွင် ညစာဖြင့် ဂုဏ်ပြုခြင်းခံရပါသည်။ ယေရှုသည် လာဇရုအား သေရာမှ ပြန်ရှင်စေခဲ့ပါသည်။ ထိုအိမ်တွင် လာဇရု၊ လာဇရု၏ညီအစ်မများဖြစ်သော မာရိ၊ မသနှင့် တပည့်တော်များလည်း ပါဝင်ကြပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၁ ပသခါပွဲခံချိန် ခြောက်ရက်လိုသောအခါ၊ အထက်ကသေလွန်၍ သေခြင်းမှ ထမြောက်စေတော်မူသော လာဇရုနေရာအရပ်၊ ဗေသနိရွာသို့ ယေရှုသည် ရောက်တော်မူ၏။ ၂ ထို့ကြောင့် ထိုသူတို့သည် ပွဲလုပ်ကြသဖြင့် မာသသည် လုပ်ကျွေးမှုကို ဆောင်၍၊ လာဇရုသည် ကိုယ်တော်နှင့်အတူ လျောင်းသောသူတို့အဝင်ဖြစ်၏။ ၃ ထိုအခါ မာရိသည် အဖိုးများစွာထိုက်သော နာဒဆီမွှေးစစ်အကျပ်သုံးဆယ်ကိုယူ၍၊ ယေရှု၏ခြေတော်ကို လိမ်းပြီးလျှင် မိမိဆံပင်နှင့်သုတ်သဖြင့်၊ ထိုဆီ၏အမွှေးသည် တစ်အိမ်လုံးကို နံ့ပြား၏။ ၄ တပည့်တော်တို့ အဝင်ဖြစ်၍ ကိုယ်တော်ကိုအပ်နှံမည့်သူ၊ ရှိမုန်၏သား ယုဒရှကာရုတ်က၊ ၅ ထိုဆီမွှေးကို ဒေနာရိအပြားသုံးရာအဖိုးနှင့် ရောင်း၍ ဆင်းရဲသောသူတို့အား အဘယ်ကြောင့် မပေးသနည်းဟု ဆို၏၊ ၆ ထိုသို့ဆိုသော်၊ ဆင်းရဲသောသူတို့အကျိုးကို ထောက်၍ ဆိုသည်မဟုတ်။ မိမိသည် သူခိုးဖြစ်လျက်၊ တပည့်တော်များသုံးရန် ငွေအိတ်ကိုဆောင်၍ နှိုက်ယူတတ်သောကြောင့်သာ ဆိုသတည်း။ ၇ ယေရှုသည်လည်း၊ ထိုမိန်းမကိုရှိစေတော့။ ငါ၏အလောင်းကို သင်္ဂြိုဟ်ခြင်းငှာ ပြင်ဆင်သောနေ့တိုင်အောင် သူသည် ဤဆီမွှေးကို သိုထားပြီ။ ၈ ဆင်းရဲသောသူတို့ကား သင်တို့၌အစဉ်ရှိကြ၏။ ငါမူကား၊ အစဉ်ရှိသည်မဟုတ်ဟု မိန့်တော်မူ၏၊ **(ရှင်ယောဟန်ခရစ်ဝင် ၁၂:၁-၈)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁တိ ၆:၁၇-၁၉၊ လုကာ ၁၂:၃၂-၃၄၊ ၁ကော ၃:၁၀-၁၇၊ မာကု ၈:၃၄-၃၈ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုသည် ကျွန်ုပ်တို့အား ထာဝရကာလတိုင်အောင် ရည်တွက်လုပ်ဆောင်ရန် မိန့်ခဲ့ပါသည်။ ဘုရားသခင်သည် သူ့အား မိမိအသက်တာနှင့် ပိုင်ဆိုင်မှုများအားဖြင့် ပူဇော်သောသူကို ဆုလာဘ်ပေးမည်ဖြစ်ပါသည်။

# မစိုးရိမ်နှင့်

## ဘုရားသခင်သည် သင်၏လိုအပ်မှုများကိုသိ၍ ဂရုစိုက်တော်မူ၏

သင်ခန်းစာ
၂ - ၁၁

---

### သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုက သူသည် ကျွန်ုပ်တို့၏ဘဝများကို ဂရုစိုက်ပြီး၊ ကျွန်ုပ်တို့၏ပြဿနာများကို ကူညီဖြေရှင်းပေးမည်ဟု မိန့်တော်မူခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏အသက်ရှင်မှုဒအတွက် စိုးရိမ်နေခဲ့လျှင် ယေရှုကို မယုံကြည်ရာရောက်ပါသည်။

**အဓိကကျမ်းပိုဒ် -** ထို့ကြောင့် နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့ စိုးရိမ်လိမ့်မည်။ ယခုနေ့၌ရှိသော မကောင်းမသင့်သောအရာသည် ယခုနေ့ဘို့လောက်ပေ၏။ **(ရှင်မဿဲခရစ်ဝင် ၆:၃၄)**

### သမ္မာကျမ်းစာပုံဝတ္ထု - မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ယေရှုသည် သူ၏တပည့်တော်များနှင့်အတူ အိုင်ဘေးတွင်ရှိနေခဲ့ပါသည်။ သူ၏တပည့်တော်ထဲမှ အများစုသည် ဤအိုင်တွင် ငါးဖမ်းခဲ့သောသူများဖြစ်ကြပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၃၅ ထိုနေ့ညအချိန်၌ ကိုယ်တော်က၊ ကမ်းတစ်ဖက်သို့ ကူးကြကုန်အံ့ဟု မိန့်တော်မူလျှင်၊ ၃၆ တပည့်တော်တို့သည် လူစုဝေးရာမှ
ထွက်၍ လှေပေါ်၌ရှိနှင့်သော ကိုယ်တော်ပါလျက် သွားကြ၏။ အခြားလှေတို့လည်း ပါသေး၏။ ၃၇ ထိုအခါ ပြင်းစွာသော မိုးသက်
မုန်တိုင်းဖြစ်၍ လှိုင်းတံပိုးခတ်သောကြောင့် လှေသည် ရေနှင့်ပြည့်လေ၏။ ၃၈ ကိုယ်တော်သည် ပဲ့၌ ခေါင်းအုံးပေါ်မှာ ကျိန်းစက်
၍ နေတော်မူ၏။ တပည့်တော်တို့သည် ကိုယ်တော်ကို နှိုးပြီးမှ၊ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်သည်ကို
လျစ်လျူသောစိတ်ရှိတော်မူသလောဟု လျှောက်ကြသော်၊ ၃၉ ကိုယ်တော်သည် ထ၍ တိတ်ဆိတ်ငြိမ်ဝပ်စွာနေဟု လေနှင့် ပင်
လယ်ကို ဆုံးမတော်မူသဖြင့် လေသည်ငြိမ်၍ အလွန်သာယာလေ၏။ ၄၀ ကိုယ်တော်ကလည်း၊ သင်တို့သည် အဘယ်ကြောင့် ဤ
မျှလောက် ကြောက်တတ်သနည်း။ အဘယ်ကြောင့် ယုံကြည်ခြင်းစိတ်နှင့် ကင်းသနည်းဟု မေးတော်မူလျှင်၊ ၄၁ သူတို့သည်
အလွန်ကြောက်ရွံ့၍ ဤသူကား အဘယ်သို့သောသူနည်း။ လေနှင့် ပင်လယ်သည် သူ၏စကားကို နားထောင်ပါသည်တကားဟု
အချင်းချင်းပြောဆိုကြ၏။ **(ရှင်မာကုခရစ် ၄:၃၅-၄၁)**

### ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

### သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( သုတ္တံ ၃:၅-၆၊ လုကာ ၁၂:၂၂-၂၅၊ ဟေဗြဲ ၁၁:၈-၁၂၊ ဂလာတိ ၂:၂၀၊ ၁ပေ ၁:၂၁ )

### လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုသည် ကျွန်ုပ်တို့၏ ဘဝအသေးစိတ်အချက်အလက်များအားလုံးကို ဂရုပြုတော်မူသည်။ ကျွန်ုပ်တို့သည် သူ၏အပေါ်တွင် ယုံကြည်ခြင်းနှင့် ကိုးစားထားဖို့ရန် လိုအပ်ပါသည်။

# သူတစ်ပါးကို မစီရင်နှင့်
**ဘုရားသခင်သည် တရားသူကြီးဖြစ်တော်မူ၏။**

သင်ခန်းစာ
၂-၁၂

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း
သူတစ်ပါးကို စီရင်ခြင်းသည် မှားယွင်းပါသည်။ လူအပေါင်တို့သည် အပြစ်သားများဖြစ်ပြီး ဘုရားသခင်တစ်ပါးတည်းသာ တရားစီရင်ရန် ထိုက်တန်ပါသည်။

**အဓိကကျမ်းပိုဒ် -** သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကို စီရင်ကြ၏။ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့်သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို မအောက်မေ့ဘဲ ညီအစ်ကို မျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ်ကြောင့် ကြည့်ရှုသနည်း။ **(ရှင်မဿဲခရစ် ၇:၁-၃)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း
**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ဖာရိရှဲများသည် ဘာသာရေးဆိုင်ရာပညတ်များကို သိပြီး၊ လူအများက ဘာသာရေးပညတ်များကို နာခံနေသည်ဟု ထင်မြင်စေပါသည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၂ နံနက်စောစောဗိမာန်တော်သို့ တစ်ဖန်ကြွတော်မူ၍ လူအပေါင်းတို့သည် အထံတော်သို့ လာကြ၏၊ ထိုအခါ ထိုင်တော်မူ၍ ဆုံးမ
သြဝါဒပေးစဉ်တွင်။ ၃ မှားယွင်းခြင်းအမှုကို ပြုလျက်နေသော မိန်းမတစ်ယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့
သည် ခေါ်ခဲ့၍ အလယ်၌ထားပြီးမှ၊ ၄ အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်တွင်ပင် တွေ့မိပါသည်။ ၅ ထိုသို့
သော မိန်းမကို ကျောက်ခဲနှင့်ပစ်ရမည်ဟု မောရှေသည် အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်
ည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။ ၆ ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှာ၊ စုံစမ်း
နှောင့်ယှက်သောအားဖြင့် လျှောက်ကြ၏၊ ယေရှုသည် အောက်သို့ငုံ့လျက် လက်ညှိုးတော်နှင့် မြေ၌ရေးသား၍ နေတော်မူ၏။ ၇
ထိုသူတို့သည် အထပ်ထပ်မေးလျှောက်ကြသောအခါ ကိုယ်ကိုလှန်တော်မူ၍၊ သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ
ကျောက်ခဲနှင့်ပစ်စေဟု မိန့်တော်မူပြီးမှ၊ ၈ တစ်ဖန်အောက်သို့ငုံ့၍ မြေ၌ ရေးသားတော်မူပြန်၏၊ ၉ ထိုသူတို့သည် ကြားရလျှင် မိမိ
တို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊ အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တစ်ယောက်နောက်
တစ်ယောက် ထွက်သွားကြ၏၊ ယေရှုသည် တစ်ယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည် အလယ်၌ရပ်နေ၏။ ၁၀ ထိုအခါ
ယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊ ထိုမိန်းမမှတစ်ပါး အဘယ်သူကိုမျှ မမြင်လျှင်၊ အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သောသူ
တို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကို အဘယ်သူမျှမစီရင်လောဟု မေးတော်မူ၏။ ၁၁ ထိုမိန်းမကလည်း၊ အဘယ်သူမျှ
မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကို မစီရင်။ သွားလော့။ နောက်တစ်ဖန် ဒုစရိုက်ကိုမပြုနှင့်ဟု မိန့်တော်မူ
၏။ **(ရှင်ယောဟန်ခရစ်ဝင်၊ ၈:၂-၁၁)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း
( ယာကုပ် ၄:၁၂၊ ယော ၈:၁၄-၁၈၊ ၁ကော ၄:၁-၅၊ လုကာ ၆:၃၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)
**နိဂုံး -** ဘုရားသခင်သည် ဖြောင့်မတ်စွာစီရင်သည်။ လူအများသည် မှန်ကန်ဖြောင့်မတ်စွာစီရင်ရန် မတတ်နိုင်ကြပါ။

# တောင်းပါ၊ ရှာပါ၊ ခေါက်ပါ

## ဘုရားသခင်သည် အားမလျော့ဘဲ ဆုတောင်းခြင်းကို အဖြေပေးပါသည်

သင်ခန်းစာ
၂ - ၁၃

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုက ကျွန်ုပ်တို့သည် အားမလျော့ဘဲ တောင်းမည် ရှာမည် ခေါက်မည် ဆိုလျှင် သူအဖြေပေးမည်ဖြစ်ကြောင်း သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နေခြင်းကြောင့် ဆက်လက်၍ ဘုရားသခင်ထံတောင်းနေမည်ဖြစ်သည်။ ထိုအချိန်များသည် ကျွန်ုပ်တို့ဆုတောင်းချက်များ ချက်ချင်း အဖြေမရရှိခြင်းလည်း ဖြစ်ခဲ့နိုင်ပါသည်။

**အဓိကကျမ်းပိုဒ် -** တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင် ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။ **(ရှင်မဿဲခရစ်ဝင် ၇:၇-၈)**

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် သူ၏တပည့်တော်များအား ဆုတောင်းခြင်း၌အမြဲပင် အလျော့မပေးသင့်ကြောင်းကို ပုံဥပမာကို ပြောပြခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂ မြို့တစ်မြို့၌ ဘုရားသခင်ကို မကြောက်ရွံ့၊ လူကို အားမနာတတ်သော တရားသူကြီးတစ်ယောက်ရှိ၏။ ၃ ထိုမြို့၌နေသော မုဆိုးမတစ်ယောက်သည် တရားသူကြီးထံသို့သွား၍၊ ကျွန်မရန်ဘက်ကို လက်စားချေလောက်အောင် အပြစ်အလျောက်ဒဏ် စီရင်ပါဟု တောင်းပန်သော်လည်း၊ ၄ တရားမစီရင်ဘဲ ကြာမြင့်စွာနေ၏၊ ထိုနောက် တရားသူကြီးက၊ ငါသည် ဘုရားသခင်ကို မကြောက်ရွံ့၊ လူကို အားမနာတတ်သောသူဖြစ်သော်လည်း၊ ၅ ဤမုဆိုးမသည် ငါ့ကိုနှောင့်ယှက်သောကြောင့် သူ့ဘက်၌ တရားစီရင်မည်။ သို့မဟုတ် အစဉ်လာ၍ ငါ့ကို ပင်ပန်းစေလိမ့်မည်ဟု စိတ်ထဲ၌ အကြံရှိ၏။ ၆ မတရားသော ထိုတရားသူကြီး၏ အကြံကို မှတ်ကြလော့။ ၇ ဘုရားသခင် ရွေးကောက်တော်မူသော သူတို့သည် ညနေ့မပြတ်အော်ဟစ်၍ တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာ သည်းခံတော်မူမည်လော။ ၈ ငါဆိုသည်ကား၊ သူတို့ဘက်၌ အလျင်အမြန် တရားစီရင်တော်မူမည်။ သို့သော်လည်း လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လောဟု သခင်ဘုရားသည် မိန့်တော်မူ၏။ **(ရှင်လုကာခရစ်ဝင်။ ၁၈:၂-၈)**

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ယော ၃:၂၁-၂၂၊ ၁ယော ၅:၁၄-၁၅၊ ဟေဗြဲ ၄:၁၆၊ ယာကုပ် ၄:၂-၃၊ ယာကုပ် ၅:၁၆၊ ဖေက် ၆:၁၈၊ ကော ၄:၁၂ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုသည် ကျွန်ုပ်တို့အား အစဉ်အမြဲဆုတောင်းရန်နှင့် အားမလျော့ရန် သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့အားမလျော့ဘဲ ဆုတောင်းသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသံကို ကြားတော်မူပြီး အဖြေပေးပါသည်။